# MSI Reproductive Choices_Myanmar

## ဝန်ထမ်းအလိုရှိသည်

**Vacancy ID: 250028**

**နေ့စွဲ။ ။၂ - ၄ - ၂၀၂၅**

MSI Reproductive Choices_Myanmar ကို မြန်မာနိုင်ငံတွင် ၁၉၉၇ တွင်တည်ထောင်ခဲ့ပြီး၊ အရည်အသွေးပြည့်မီသော မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ MSI Reproductive Choices_Myanmar မှ ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာ လစ်လပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| **ရာထူး** | - | **Field Supervisor** |
| **နေရာ** | - | **တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။** |
| **လိုအပ်သည့်ဦးရေ** | - | **(၁) ဦး** |
| **လျှောက်လွှာပိတ်ရက်** | - | **၂၁ ရက်၊ ဧပြီလ၊ ၂၀၂၅ ခုနှစ်။** |

**အဓိက ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ။ ။**

- မျိုးဆက်ပွားကျန်းမာရေး ကွင်းဆင်းဝန်ထမ်း (Sexual and Reproductive Health Promoter) များ၏ လုပ်ငန်းဆောင်ရွက်မှု များကို ကြီးကြပ်ပံ့ပိုးမှုပေးရန်၊ ကွင်းဆင်းဝန်ထမ်းများ၏ လစဉ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ( Monthly Work Plan) များရေးဆွဲခြင်း၊ လစဉ် အစီရင်ခံစာများ တင်ပြခြင်းတို့ကို ကူညီပံ့ပိုးကြီးကြပ်ပေးရန်
- စီမံချက်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသ၏ တာဝန်ရှိသူများထံမှ ခွင့်ပြုချက် ရရှိရန် ကြိုတင် တင်ပြဆွေးနွေး၍ ညှိနှိုင်းမှုများပြုလုပ်ရန်၊ မိမိမြို့နယ်၏ လုပ်ငန်းလျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန်
- စီမံချက်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ဆောင်မှုပေးသော အခြားသောအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း (Civil Society Organization) များ၊ ဆေးခန်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်
- မြို့နယ်စီမံချက်အစီရင်ခံစာများ၊ လချုပ်များအတွက် လိုအပ်သော ကွင်းဆင်းဝန်ထမ်းများ၏ အစီရင်ခံစာများကို စုစည်း၍ ရန်ကုန်ရုံးသို့အချိန်မီ တင်ပြရန်
- မြို့နယ်အတွင်း လစဉ်ဆောင်ရွက်မည့်အစီစဉ်များ၊ လစဉ်အစီရင်ခံစာများကို သက်ဆိုင်ရာမြို့နယ်ရှိ အုပ်ချုပ်ရေးမှူးနှင့် အခြားမြို့ဌာနဆိုင်ရာများသို့ တင်ပြနိုင်ရန်အတွက်လိုအပ်သည်များကို ပြုစုတင်ပြပေးရန်
- မြို့နယ်ရုံး (စင်တာ)ရှိ သင်ထောက်ကူပစ္စည်းများ၊ ကျန်းမာရေးပညာပေးအထောက်အကူပြု လက်ကမ်းစာစောင်များ ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းပေးရန်
- မြို့နယ်ရုံး (စင်တာ) မှ ဝန်ထမ်းများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးရန်

**လိုအပ်သော အရည်အချင်းများမှာ-**

- တက္ကသိုလ်မှ အသိအမှတ်ပြု ဘွဲ့ရရှိသူဖြစ်ရမည်။ (သို့) NGO/INGO စသည့် လူမှုရေးလုပ်ငန်းများတွင် လုပ်ကိုင်ဖူးသော အတွေ့အကြုံများရှိပါက ပညာအရည်အချင်းအား လျှော့ပေါ့စဉ်းစားပေးမည်။
- ကွင်းဆင်းလုပ်ငန်းအတွေ့အကြုံရှိပြီး နယ်မြေဒေသ ကျွမ်းကျင်သူများအား ဦးစားပေးမည်။
- ပွင့်လင်းရိုးသားပြီး လူမှုဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
- အသင်းအဖွဲ့စိတ်ဓာတ်ရှိကာ အသင်းအဖွဲ့အားဦးဆောင်နိုင်စွမ်းရှိသူဖြစ်ပြီး လိုအပ်သည့်အချိန်တွင် လိုအပ်သလိုကူညီ ဆောင်ရွက်ပေးနိုင်သူ ဖြစ်ရမည်။
- အလုပ်အပေါ်လေးစားပြီး တာဝန်သိတတ်သူ၊ တာဝန်ယူ တာဝန်ခံသူ ဖြစ်ရမည်။
- မော်တော်ဆိုင်ကယ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

**လျှောက်ထားသူသည်**

၁။ ပညာအရည်အချင်း အောင်လက်မှတ် (သို့) အထောက်အထားလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ

၂။ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက် ပါရှိရပါမည်။

၃။ကိုယ်ရေးရာဇဝင်အကျဉ်း၊ လုပ်ငန်းအတွေ့အကြုံအကျဉ်းချုပ်။

၄။ ဓာတ်ပုံ (၂) ပုံ (မကြာသေးမီ ၆လအတွင်း ရိုက်ထားသောပုံ)

**MSI Reproductive Choices_Myanmarသည်မတူကွဲပြားမှုများကိုလက်ခံအားပေးသည့်အတွက်အသိုင်းအဝိုင်းအမျိုးမျိုးမှလျှောက်လွှာများကို ကြိုဆိုပါသည်။**

**ကလေးသူငယ်များနှင့်ထိခိုက်လွယ်သောလူများအား ကာကွယ်စောင့်ရှောက်ခြင်းကို  မြှင့်တင်ပေးရန်အတွက် ဝန်ထမ်းရွေးချယ်ရာတွင် ကလေးသူငယ်များကိုအလွဲသုံးစားပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာထိပါး ခြင်းတို့နှင့်ပက်သတ်သည့် နောက်ခံကိုယ်ရေးအချက်များကို သေချာစွာစုံစမ်းသွားမည်ဖြစ်ပါသည်။**

**အလုပ်လျှောက်ထားသူများသည် MSI တွင် လက်ရှိအလုပ်လုပ်နေသောဆွေမျိုး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးရှိပါက ကြိုတင်အသိပေးရန်လိုအပ်ပါသည်။ ထိန်ချန်ထားပါက အလုပ်ခန့်ထားမှုစာချုပ်ကို ရုပ်စဲခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။**

**လျှောက်ထားလိုသူများသည် အောက်တွင်ဖော်ပြထားသော Link မှတဆင့် လျှောက်ထားနိုင်ပါသည်။**

**MSI Reproductive Choices**

[Click here to apply:]()